# INTRODUCTION TO OKR


INFORMATIONMATRIX
INNOVATING FOR THE FUTURE

Yever
smarter together

19 November 2020
10 AM – 12 PM

# Speakers' Biography

## Thaung Su Nyein




As the Founder and CEO of Information Matrix, Mr. Thaung Su Nyein is a successful Myanmar entrepreneur leading over 200 employees in media and technology businesses. The media business includes the top print and digital media publications such as 7Day News, People Magazine, Internet Journal and Duwun. The IT business includes consultancy and development of eGovernment projects, enterprise software and web development. He's also an active member and contributor to technology and business associations. He is frequently moderating and hosting high profile discussion panels in tech, business and media, or delivering keynote presentations on entrepreneurship and digital economy.

# Speakers' Biography

## Nicolas Delange



Nicolas is one of the founder and managing partner of Yever, a consultancy offering custom-made solutions to corporate leaders. Since 2016, Yever has worked with Myanmar companies to make their practices smarter, stronger and more sustainable. Yever has a strong track-record in Myanmar: we supported more than 10 large organizations and entrepreneurs to enhance their business. Yever is also MCRB's partner for Pwint Thit Sa. Nicolas works as IFC's consultant on corporate governance: he contributed to establish the first Myanmar Corporate Governance scorecard together with the SECM, DICA and YSX.

Before creating Yever, Nicolas used to lead the Sustainability Advisory team of EY in Paris. He has strong consulting experience, helping the largest French companies to include CSR in their corporate strategy. He specializes both in developing messages that enable companies to communicate their results efficiently to their stakeholders and in improving the sustainability of their business model. He also has expertise in leading stakeholder panels, training and raising CSR awareness. Nicolas acquired the skills necessary to drive IT projects, especially on issues concerning customer relationship management. He has conducted studies on innovative topics: the carbon footprint of banks, trends in non-financial communication and integrated reporting.

Nicolas is a Director of CCI France in Myanmar and the Chairman of EuroCham in Myanmar.

# Speakers' Biography


## Maddy



Maddy works at Yever as an Analyst. She specialises in client reporting and has worked on all Pwint Thit Sa Reports that Yever has been a part of.
Maddy works also on Yever's strategy and reporting. One of her main responsibilities is to implement the OKR methodology at Yever by setting up organisational objectives and key results and monitoring their achievement.

# သင်ကြားပို့ချမည့်သူများအကြောင်း ကိုယ်ရေးအကျဉ်းချုပ်

## ဦးသောင်းစုငြိမ်း




Information Matrix ၏ တည်ထောင်သူ၊ CEO ဖြစ်သော ဦးသောင်းစုငြိမ်းသည် သတင်းမီဒီယာနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းများ ကို ဝန်ထမ်းပေါင်း ၂၀၀ ကျော်ဖြင့် ဦးဆောင် စီမံခန့်ခွဲနေသော စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ဖြစ်သည်။ မီဒီယာလုပ်ငန်းတွင် ပုံနှိပ်ခြင်း၊ 7Day News၊ People Magazine၊ Internet Journal နှင့် Duwun အစရှိသည့် ဒီဂျစ်တယ်မီဒီယာများ ထုတ်ဝေခြင်းတို့ပါဝင်ပါ သည်။ IT နှင့် ပတ်သက်သော စီးပွားရေးလုပ်ငန်းများ တွင်လည်း eGovernment နှင့် ပတ်သက်သော ပရောဂျက် များအား တိုးတက်စေခြင်း၊ အကြံပေးဝန်ဆောင်မှု များပေး ခြင်း၊ စီးပွားရေး လုပ်ငန်းများ အတွက် software များနှင့် website တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ နည်းပညာနှင့် စီးပွားရေးဆိုင်ရာ အဖွဲ့အစည်း၏ အဖွဲ့ဝင် တစ်ယောက်ဖြစ်ပြီး ပါဝင်အားဖြည့်သူ လည်း ဖြစ်သည်။ ဦးသောင်းစုငြိမ်းသည် နည်းပညာ၊ စီးပွားရေးနှင့် မီဒီယာ စသည်တို့နှင့် ပတ်သက်သော ဆွေးနွေးပွဲများတွင်လည်း ဦးဆောင်ပါဝင်ခဲ့ပြီး စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းများနှင့် ဒီဂျစ်တယ်စီးပွားရေးစနစ် စသည်တို့နှင့် ပတ်သက်သော ဆွေးနွေး ပွဲများတွင်လည်း အဓိကကျသောအခန်းကဏ္ဍများမှ ပါဝင်ဆွေး နွေးလျက်ရှိပါသည်။

# သင်ကြားပို့ချမည့်သူများအကြောင်း ကိုယ်ရေးအကျဉ်းချုပ်

## Nicolas Delange



Nicolas သည် Yever ၏ တည်ထောင်သူတစ်ဦးဖြစ်ပါသည်။ Yever သည် ၂၀၁၆ ခုနှစ်မှ စတင်၍ မြန်မာကုမ္ပဏီများအား ၎င်းတို့၏ ကော်ပိုရိတ်ဆိုင်ရာ အလေ့အကျင့်များနှင့် ပတ်သက်၍လည်းကောင်း၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၊ အဖွဲ့အစည်းကြီးများစွာ ကို ၎င်းတို့၏ စီးပွားရေးဆိုင်ရာ တို့တွင်လည်းကောင်း အကြံပေးအဖြစ် လုပ်ဆောင်ခဲ့သည်။ Yever သည် MCRB မှ နှစ်စဉ်ထုတ်ဝေသော ပွင့်သစ်စ အစီရင်ခံစာနှင့် ပတ်သက်၍ မိတ်ဖက်လည်းဖြစ်သည်။ Nicolas သည် IFC တွင် ကော်ပိုရိတ် စီမံ အုပ်ချုပ်မှုဆိုင်ရာ အကြံပေးအဖြစ် ဆောင်ရွက်နေပြီး မြန်မာနိုင်ငံတွင် ပထမဆုံး ကော်ပိုရိတ် စီမံ အုပ်ချုပ်မှု ဆိုင်ရာ အမှတ်ပေးဇယား ကို SECM၊ DICA၊ YSX တို့နှင့်အတူ ဖော်ဆောင်နိုင်ခဲ့သည်။

Nicolas သည် Yever ကို မတည်ထောင်မီ ပါရီ တွင် ရှိသော EY အဖွဲ့အစည်း၏ ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ အကြံပေး အဖွဲ့ကို ဦးဆောင်ခဲ့သူဖြစ်ပြီး ပြင်သစ်ကုမ္ပဏီကြီးများအား ၎င်းတို့၏ မဟာဗျူဟာများတွင် ကော်ပိုရိတ်လူမှုရေးတာဝန်ကိုပါ ထည့်သွင်းအကောင်အထည်ဖော်နိုင်ရန် ကူညီခဲ့သည်။ သူသည် ကုမ္ပဏီများ၌ ၎င်းတို့၏ စီးပွားရေးနှင့် အကျိုး သက်ဆိုင် သူများအား ထိရောက်မှုရှိစွာ ဆက်သွယ်နိုင်စေရန်နှင့် စီးပွားရေးပုံစံ၏ ရေရှည်တည်တံ့ခိုင်မြဲမှုကို တိုးတက်စေရေးတို့တွင် အတွေ့အကြုံများစွာ ရှိသူ ဖြစ်သည်။ ထို့အပြင် သူသည် ကော်ပိုရိတ်လူမှုရေးတာဝန်ဆိုင်ရာ သင်တန်းများပေးခြင်း၊ အသိမြင်များ မြှင့်တင်ပေးခြင်းတို့တွင်လည်း ကျွမ်းကျင်သူဖြစ်သည်။ အဓိကအားဖြင့် စားသုံးသူဆိုင်ရာဆက်ဆံရေး စီမံခန့်ခွဲမှုနှင့် ဆိုင်သည့် သတင်းအချက်အလက်နည်းပညာ ပရောဂျက်များကို ဦးဆောင်နိုင်သည့် စွမ်းရည်ရှိပြီး ဘဏ်များ၏ ကာဗွန်ထုတ်လွှတ်မှု၊ ဘဏ္ဍာရေးနှင့်မဆိုင်သော အချက်အလက်များ နှင့် စုပေါင်း အစီရင်ခံခြင်း ဆိုင်ရာ စသည့် ဆန်းသစ်သည့် ခေါင်းစဉ်များကို လေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။ Nicolas သည် မြန်မာနိုင်ငံရှိ CCI France နှင့် EuroCham တို့၏ ဒါရိုက်တာတစ်ဦး လည်း ဖြစ်ပါသည်။

# သင်ကြားပို့ချမည့်သူများအကြောင်း ကိုယ်ရေးအကျဉ်းချုပ်

## မဒွိ



မဒွိသည် Yever တွင် Analyst အဖြစ် ဆောင်ရွက်နေ သူဖြစ်သည်။ Clients များအတွက် မဒွိသည် အစီရင်ခံစာများ ရေးသားရာတွင် တာဝန်ယူထားသည်။ ထို့အပြင် Yever အနေဖြင့် MCRB နှင့် ပွင့်သစ်စ အစီရင်ခံစာ ဖြစ်မြောက်ရေး အတွက် မိတ်ဖက်အဖြစ် လက်တွဲလုပ်ဆောင်ရာတွင်လည်း တာဝန်ယူလျက်ရှိသည်။

မဒွိသည် Yever ၏ မဟာဗျူဟာနှင့် အစီရင်ခံခြင်းအပိုင်း တို့တွင်လည်း တာဝန်ယူထားပါသည်။ သူမ အဓိကတာဝန်ယူ ထားရသည့် အခန်းကဏ္ဍများတွင် Yever ၏ အဖွဲ့အစည်းဆိုင်ရာ ရည်မှန်းချက်များ (Objectives) နှင့် အဓိကကျသော ရလဒ်များ (Key Results) သတ်မှတ်၍ ထိုရည်မှန်းချက်များ ပြည့်မြောက် အောင် စီမံခန့်ခွဲမှုသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

# Contact details




**www.yever.org | yuzana@yever.org | +95 9 5022480**